# မြန်မာ- စစ်ဆန့်ကျင်ရေး ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သူများအား ရာဇဝတ်မှုဖြင့် ဖမ်းဆီးထားခြင်းမှ ချက်ခြင်းလွှတ်ပါ

ကချင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကို အဆုံးသတ်ရန်နှင့် အရပ်သားများအပေါ် ကာကွယ်စောင့်ရှောက်ပေးရန် မြို့နယ်အသီးသီးတွင် ဆန္ဒပြတောင်းဆို။

(ရန်ကုန်၊ ၂၀၁၈-ခုနှစ်၊ မေလ-၁၂ ရက်) - ကချင်ပြည်နယ်တွင် လက်နက်ကိုင်တိုက်ပွဲများကြောင့် ပိတ်မိနေကြသော အရပ်သားများ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းစွာ ပြောင်းရွှေ့ခိုလှုံခွင့်ပေးရေး အာမခံချက်ပေးရန် မြန်မာစစ်တပ်အား ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြ၍ တောင်းဆိုခဲ့ကြသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ ကိုးဦးကို မြန်မာအစိုးရအနေဖြင့် အမြန်ဆုံး ပြန်လွှတ်ပေးသင့်ကြောင်း Fortify Rights အဖွဲ့ကြီးက ယနေ့တွင် ပြောကြားလိုက်သည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် မေလ (၆) ရက်နေ့မှစ၍ မြို့နေရာပေါင်း (၄) နေရာတို့၌ အနဲဆုံး ဆန္ဒပြပွဲ (၄)ကြိမ်တိတိ ဖြစ်ပွားခဲ့သည်။ နောက်ထပ် ဆန္ဒပြပွဲများကိုလည်း ယခုရက်သတ္တပတ်အတွင်းတွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်ထားသည်။

"ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြတယ်ဆိုတာ ရာဇဝတ်မှုကျူးလွန်တာ မဟုတ်ပါဘူး။ ဆန္ဒပြသမားတွေ မှန်ပါတယ်။"ဟု Fortify Rights အဖွဲ့ကြီး၏ အကြီးအကဲ မစ္စတာ မက်သယူးစမစ်က ပြောကြားခဲ့သည်။ "ဒီအဖမ်းခံထားရတဲ့ လူ့အခွင့်ရေး ကာကွယ် စောင့်ရှောက်သူတွေကို သက်ဆိုင်ရာ အာဏာပိုင်အစိုးရအနေနဲ့ ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးသင့်ပါတယ်။"

အဆိုပါ လူ့အခွင့်ရေး ကာကွယ်စောင့်ရှောက်သူ (၉)ဦးမှာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒပြခြင်း ဆိုင်ရာ ဥပဒေ ပုဒ်မ- ၁၉ ကို ချိုးဖောက်မှုအဖြစ် ကြိုတင်စီစဉ်ထားသည့် ဆန္ဒပြပွဲများကို သက်ဆိုင်ရာ ဒေသအာဏာပိုင်များထံ အကြောင်းကြားရန် ပျက်ကွက်မှုဆိုသည့် စွပ်စွဲချက်များဖြင့် ထောင်ဒဏ် သုံးလ နှင့်ငွေဒဏ် မြန်မာကျပ်ငွေ ၃၀၀၀၀ိ/-အထိ တစ်ပေါင်းတည်း ကျခံရနိုင်မည့် ပြစ်မှုများဖြင့် တရားစွဲဆိုခံခဲ့ရသည်။ တရားစွဲဆိုခံထားရသူများမှာ- ကိုမျိုးသူထွဋ် (အသက်- ၃၈နှစ်)၊ ကို မေတ္တာဦး (အသက်-၄၅နှစ်)၊ ကို ကောင်းထက် ကျော် (အသက်- ၂၃)၊ ကို ဇေယျ (အသက်- ၁၉)၊ ကို ရဲအောင်အေး (အသက်- ၂၃နှစ်)၊ ကိုမျိုးစော (အသက်- ၂၅နှစ်)၊ ကို အောင်မှိုင်းဆန်း (အသက်- ၄၂နှစ်)၊ ကိုစိုးမိုး (အသက်- ၄၆ နှစ်)၊ နှင့် ကဗျာဆရာ ကလစ် (အသက်- ၄၇) တို့ ဖြစ်ကြသည်။

အဆိုပါ စွဲထားသော ပုဒ်များဖြင့် ကိုအောင်မှိုင်းဆန်း၊ ကိုစိုးမိုး နှင့် ကဗျာဆရာ ကလစ်တို့ကို လက်ရှိအိုးဘိုအကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားသည်။

မေလ (၆) ရက်နေ့ကလည်း မကွေးတိုင်း၊ အောင်လံမြို့နယ်တွင် မျိုးသူထွဋ် နှင့် မေတ္တာဦးတို့ နှစ်ယောက်မှာ ငြိမ်းချမ်းစွာ ဆန္ဒပြနေစဉ်အတွင်း ရဲများ၏ ဖမ်းဆီးတရားစွဲဆိုခြင်းကို ခံလိုက်ရသည်။ နောက်တစ်နေ့ မေလ (၇) ရက်နေ့တွင်၊ ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်တွင် မေလ(၆) ရက်နေ့က ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့မှု နောက်ဆက်တွဲအဖြစ် ကောင်းထက် ကျော်၊ ဇေယျ၊ ရဲအောင်အေးနှင့် မျိုးစောတို့ကို ကျောက်တံတားနယ်မြေ ရဲအရာရှိ မျိုးထက်က တရားစွဲဆိုခဲ့ပြန်သည်။

မေလ ကိုးရက်နေ့တွင် မန္တလေး၊ ချမ်းအေးသာဇံမြို့နယ်၊ အမှတ်(၈) ရဲတပ်ရင်းမှ ရဲအရာရှိ သက်နိုင်က ကိုအောင်မှိုင်းဆန်း၊ ကိုစိုးမိုး နှင့် ကဗျာဆရာ ကလစ်တို့ကို မန္တလေးမြို့တွင် လူပေါင်း (၄၀)ကျော် ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြခဲ့သည့် နောက်ဆက်တွဲအဖြစ် ဖမ်းဆီးတရား စွဲဆိုထိန်းသိမ်းခဲ့သည်။ မေလ (၁၀) ရက်နေ့ကလည်း ချမ်းအေးသာဇံမြို့နယ် တရားရုံးမှ ကဗျာဆရာ ကလစ်ကို အိုးဘိုအကျဉ်းထောင်တွင် ထောင်ဒဏ် တစ်လ ချမှတ်ခဲ့သည်။ ( ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းဆိုင်ရာ ပုဒ် ၁၉ ကို ဖောက်ဖျက်ခဲ့သည် ဟူသော စွဲချက်ဖြင့်)။ အောင်မှိုင်းဆန်းနှင့် စိုးမိုးတို့မှာမူ မေလ (၁၈) ရက်နေ့တွင် ရုံးထုတ်ခံရဖွယ် ရှိနေသည်။ အဆိုပါ သုံးယောက်မှာလည်း အိုးဘို အကျဉ်းထောင်ထဲတွင်ပင် အကျဉ်းချခံနေရသည်။

အခုအခါတွင် တရားရင်ဆိုင်နေရသော လူ့အခွင့်ရေး ကာကွယ်စောင့်ရှောက်သူ ကိုးဦးအပြင်၊ မေလ (၉) ရက်နေ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်တွင် မေလ(၃)ရက်နှင့် (၄)ရက်နေ့များတွင် လူရာပေါင်းများစွာ၏ ငြိမ်းချမ်းစွာစုဝေးခြင်း နောက်ဆက်တွဲအနေဖြင့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒပြခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ-

၁၉အရ နောက်ထပ် လူ့အခွင့်ရေးကာကွယ်စောက်ရှောက်သူများဖြစ်ကြသော ကိုလဇော်ဝမ် (အသက်-၂၉)၊ မဆွတ် ဆောင်း ထွယ် ( အသက်-၂၄ နှစ်) နှင့် ကိုလဘိုင်အွန်မိုင် (အသက် ၂၅) တို့အား အလားတူပြစ်ဒဏ်များဖြင့် အမိန့်ချမှတ်ခဲ့ပြီး လူတစ်ယောက်စီကို မြန်မာကျပ်ငွေ ၃၀၀၀၀/- (အမေရိကန် ဒေါ်လာငွေ ၂၂$ နီးပါးခန့်) ဒဏ်ကြေးချမှတ်ခဲ့သည်။ သူတို့၏ အမှုကိုလည်း အပြီးအပြတ် ပိတ်ပစ်ခဲ့သည်။

ဆန္ဒပြပွဲစီစဉ်ကြသူများသည် ရန်ကုန်မြို့ တာမွေမြို့နယ်မှ ဆူးလေဘုရားလမ်းအထိ ခန့်မှန်းခြေအားဖြင့် လူပေါင်း ၅၀၀ ခန့် လမ်းလျှောက်ချီတက်ဆန္ဒပြကြရန် စီစဉ်ထားကြသည်။

မေလ (၉) ရက်နေ့တွင် ဦးဆောင်စီစဉ်သူများက ခွင့်ပြုမိန့်တင်ထားသော မေလ (၁၂) ရက်နေ့ လမ်းလျှောက်ဆန္ဒပြပွဲ ချီတက်မည့် အကြောင်းကြားမှုကို လက်ခံရရှိပြီးနောက်ပိုင်း မေလ (၁၀) ရက်နေ့တွင် တာမွေ ရဲအရာရှိ လှဘုန်းကျော်က လုံခြုံရေးစီးရိမ်စရာ ရှိသည့်ကိစ္စအတွက် လည်းကောင်း၊ ဆန္ဒပြသည့် လမ်းကြောင်း တစ်လျှောက်တွင် ယဉ်ကြောပိတ်ဆို့မှု အန္တရာယ်ကြုံတွေ့နိုင်သည့်အတွက်လည်းကောင်း၊ လမ်းလျှောက်ချီတက်ဆန္ဒပြပွဲကို ရှေ့ဆက်လက်ခွင့်မပြုနိုင်တော့ကြောင်း စီစဉ်သူများအား ပြောကြားခဲ့သည်။

"မြန်မာ အစိုးရအနေနဲ့ ပြည်သူလူထုတွေရဲ့ ငြိမ်းချမ်းစွာ စုဝေးလှည့်လည်ခွင့် အခွင့်ရေးကို အကာကွယ်ပေးသင့်ပါတယ်။" ဟု မစ္စတာ မက်သယူး စမစ်က ပြောကြားခဲ့သည်။ "အဲဒီလို လုပ်ရမဲ့အစား မြန်မာအစိုးရက စည်းမကျော်တဲ့ ဘယ်သူ့ကိုမဆို ချိန်ရွယ်နေပါတယ်။"

၂၀၁၇-ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ကလည်း ရန်ကုန်တိုင်း နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး ကလည်း "အများပြည်သူလူထု အနှောက်ယှက်ပေးမှုနှင့် စိုးရိမ်သောကဖြစ်စေမှု" အရ ရန်ကုန်တိုင်း ၁၁-မြို့နယ်အတွင်း ငြိမ်းချမ်းစွာစုဝေးခြင်းများကို တားမြစ်သည့် အမိန့်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ အမိန့်မှာ ယခုတိုင် အသက်ဝင်နေဆဲဖြစ်သည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေအရ ငြိမ်းချမ်းစွာ ဆန္ဒပြပွဲကို စီစဉ်သူများသည် စီစဉ်ထားသော စုဝေးမှု သို့မဟုတ် စီတန်းလှည့်လည်မှု တစ်ခုကို ၄၈ နာရီ ထက်မကျော်လွန်ပဲ ကြိုတင်၍ အသိပေးရန် လိုအပ်ပြီး ဆန္ဒပြပွဲ "ခေါင်းစဉ်"နှင့် ဆန္ဒပြပွဲတွင် "ကြွေးကြော်မည့် စာသားများ"ကိုလည်း အသိပေးရန် လိုအပ်သည်။ "နိုင်ငံတော် သို့မဟုတ် ပြည်ထောင်စု၊ လူမျိုး၊ သို့မဟုတ် ကိုးကွယ်သည့်ဘာသာ၊ လူ့ဂုဏ်သိက္ခာနှင့် လူ့ကျင့်ဝတ်သိက္ခာ ထိခိုက်စေသော" စကားများကို တားမြစ်ထားသည်။ ဆန္ဒပြသမားများသည်လည်း "မောင်းနှင်နေသည့် ယာဉ်များ၊ လမ်းသွားလမ်းလာများကို ပိတ်ဆို့ခြင်းမရှိစေရဘဲ အများပြည်သူကိုလည်း အနှောင့်အယှက်ပြုခြင်း မရှိစေရပါ။"

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေက နိုင်ငံများတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ထုတ်ဖော်ပြောဆိုခြင်းဆိုင်ရာ လွတ်လပ်ခွင့်ကို အကာအကွယ်ပေးရန် တာဝန်တစ်ရပ်ရှိနေသည်။ ကန့်သတ်ချက်များကို ဥပဒေအရ မျှတစွာပြဋ္ဌာန်းသည့် အခါနှင့် သဘာဝကျသော ရည်ရွယ်ချက်တစ်ခုကို ဖြစ်မြောက်အောင် ဆောင်ရွက်လိုသောအခါတွင် နိုင်ငံများသည် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ကန့်သတ်နိုင်သည်။ အများပြည်သူ အဆောက်အအုံထဲသို့ ဝင်ရောက်ခြင်း သို့မဟုတ် လမ်းများကို ယာယီပိတ်ဆို့ထားခြင်းကြောင့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုအတွက် ဖြစ်ပေါ်လာသော ရာဇဝတ်မှုပြစ်ဒဏ်ကို နိုင်ငံတကာဥပဒေတွင် မမျှတသည့် ပြစ်ဒဏ်အဖြစ် သတ်မှတ်ထားသည်။

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လူ့အခွင့်အရေးကောင်စီထံသို့ တင်ပြသော ပူးတွဲအစီရင်ခံစာတစ်ရပ်တွင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် အသင်းအပင်းဆိုင်ရာ လွတ်လပ်ခွင့်နှင့်ဆိုင်သော ကုလသမဂ္ဂအထူးအစီရင်ခံစာတင်သွင်းသူနှင့် ဥပဒေမဲ့ တရားလက်လွတ် သို့မဟုတ် ကြုံရာကျပမ်း ကွပ်မျက်ခြင်းဆိုင်ရာ အစီရင်ခံစာ တင်သွင်းသူတို့ကလည်း "သင့်တော်သည့် အစီရင်ခံခြင်းကို ပျက်ကွက်ခြင်းကြောင့် စီစဉ်သူများ၊ လူမှုရေးခေါင်းဆောင်များ သို့မဟုတ် နိုင်ငံရေးခေါင်းဆောင်များမှာ ဒဏ်ငွေ သို့မဟုတ် ထောင်ဒဏ်ကျခံရနိုင်သည့် အာဏာပိုင်တို့၏ အရေးယူမှုများ သို့မဟုတ် ရာဇဝတ်မှုပြစ်ဒဏ်တစ်ခုခုကို မခံစားထိုက်ကြောင်း" ဖော်ပြထားသည်။

စုဝေးဆန္ဒပြခြင်းကို ကြိုတင်အကြောင်းကြားမှုမရှိဘဲ ရဲတပ်ဖွဲ့ဝင်များကဖြိုခွင်းနိမ်နင်းခြင်းနှင့် စုဝေးဆန္ဒပြခြင်း၏ "ခေါင်းစဉ်"နှင့် "ခွင့်ပြုချက်တင်ရသည့် စာသားများ"ကို အစိုးရက ထိန်းချုပ်ထားခြင်းတို့ကြောင့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေမှာ နိုင်ငံတကာဥပဒေအား ချိုးဖောက်သွားခဲ့ရသည်။ ငြိမ်းချမ်းစွာ စုဝေးရာတွင် စုရုံးခြင်း သို့မဟုတ် ပါဝင်ခြင်းတို့ပြုသည့်သူများအား နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်ရာရောက်သော ရာဇဝတ်မှုတံဆိပ်ကပ်ခြင်းကို မြန်မာနိုင်ငံ တရားဥပဒေက ခွင့်ပြုထားသည်။

နိုင်ငံတကာစံနှုန်းများနှင့်အညီ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို မြန်မာအစိုးရက ပြင်ဆင်ပေးသင့်ပြီး ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ဆန္ဒထုတ်ဖော်ခြင်း အခွင့်အရေးများကို သေချာစွာ အကာအကွယ်ပေးရမည်ဟု Fortify Rights အဖွဲ့ကြီးက ဆိုသည်။

မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုဖြစ်သော (ကေအိုင်အေ) ကချင်လွတ်လပ်ရေး တပ်မတော်တို့အကြား တိုက်ပွဲများ အရှိန်မြင့်တက်လာချိန်တွင် ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ်ခွဲနှင့် တနိုင်းမြို့နယ်အတွင်း နေထိုင်ကြသော ခန့်မှန်းခြေ အရပ်သား ၆၈၀၀ ခန့်မှာ ဧပြီလမှ စတင်၍ ဝင်ရောက်ခိုလှုံလာခဲ့ကြသည်။ မေလ ၈ရက်နေ့တွင် ကချင်အရပ်ဘက်အဖွဲ့အစည်း ၉ ခု ပူးပေါင်းထားသော the Joint Strategy Team-ပူးပေါင်းနည်းဗျူဟာအဖွဲ့သည် အရပ် သားအချို့ကို ကယ်ထုတ်ရန် မြန်မာစစ်တပ်က ခွင့်ပြုခဲ့သော်လည်း ထောင်နှင့်ချီသော လူများမှာ တိုက်ပွဲဖြစ်ပွားရာ နေရာများတွင် ပိတ်မိနေကြဆဲရှိသည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ မြန်မာစစ်တပ်နှင့် ကေအိုင်အေတပ်ဖွဲ့ဝင်တို့၏ တိုက်ပွဲများကြောင့်၊ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည့် ၂၀၁၁ ခုနှစ်၊ ဇွန်လမှစ၍ အရပ်သားပြည်သူ ၁၀၀,၀၀၀ ကျော်ခန့်မှာ ထွက် ပြေးခဲ့ရပြီး ဖြစ်သည်။

မေလ ၈ ရက်နေ့တွင် မြန်မာ့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဒေါက်တာဦးဝင်းမြတ်အေးက *Radio Free Asia* အသံလွှင့်ဌာနသို့ ပြောကြားခဲ့ရာတွင်-"အရပ်သားများ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးမှာ အစိုးရ၏တာဝန်…… ကျွန်တော်တို့က စစ်တပ်၏အကူအညီမပါဘဲ အရပ်သားတွေကို ဘေးကင်းလုံခြုံတဲ့နေရာကို ခေါ်သွားလို့မရဘူး။ အရပ်သားတွေကို ဘေးကင်းလုံခြုံတဲ့နေရာတွေကို ခေါ်ဆောင်သွားဖို့အတွက် ကျွန်တော်တို့က စစ်တပ်နှင့် လက်တွဲလုပ်မှရမယ်။" ဟု ပြောခဲ့ပါသည်။

မြန်မာစစ်တပ်က ရက်သတ္တပတ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ကာမိုင်းမြို့နယ်ခွဲနှင့် တနိုင်းမြို့နယ်အတွင်းသို့ ဝင်ရောက်ခိုလှုံလာကြသော ရွှေ့ပြောင်းအရပ်သားများအား အကူအညီပေးရေး အုပ်စုများက ဝင်ရောက်ခြင်းနှင့် အစားအသောက်များ ထောက်ပံ့ပေးကမ်းခြင်းများကို ငြင်းဆန်ခဲ့ကြောင်း သတင်းရရှိခဲ့သည်။

မေလ ၁ ရက်နေ့တွင် ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီးလီးက ကြေညာချက်တစ်ဆောင် ထုတ်ပြန်ခဲ့ရာတွင် "ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို တမင်တကာ ဟန့်တားထားသည့် မည်သည့်လုပ်ရပ်ကိုမဆို အပြည်ပြည်ဆိုင်ရာ ဥပဒေအရ စစ်ရာဇဝတ်မှုမြောက်သည်"ဟု ဖော်ပြထားသည်။

"အရပ်သားများ အရေးတကြီးလိုအပ်နေသော အသက်ကယ်အကူအညီပေး ပစ္စည်းများကို ငြင်းဆန်နေခြင်းအတွက် အကြောင်းပြချက်မရှိ"ဟု မစ္စတာ မက်သယူးစမစ်က ပြောကြားသည်။ "ဒုက္ခသည်များအား အကူအညီပေးရေး ဝင်ရောက်ခွင့်အပေါ် ဤအမိပွါယ်မရှိ ကန့်သတ်ထားခြင်းများအား ယခုပယ်ဖျက်ပေးရန် မြန်မာအစိုးရအနေဖြင့် လိုအပ်ပါသည်။"

အသေးစိတ်သိလိုပါက ကျေးဇူးပြု၍ ဆက်သွယ်ပါရန်:

မစ္စတာ ဒေးဗစ်ဘော့ခ်၊ မြန်မာလူ့အခွင့်အရေးကျွမ်းကျင်သူ၊ ဖော်တီးဖိုင်းရိုက်အဖွဲ့ကြီး၊ ဖုန်း - +၉၅-၉၇၉ ၃၁၁ ၁၆၈၅ (မြန်မာ) david.baulk@fortifyrights.org; Twitter: @davidbaulk, @FortifyRights

မစ္စတာ မက်သယူးစမစ်၊ အကြီးအကဲ၊ ဖော်တီးဖိုင်းရိုက်အဖွဲ့ကြီး၊ ဖုန်း - +၁-၂၀၂ ၅၀၃ ၈၀၃၂ (အမေရိကန်) matthew.smith@fortifyrights.org; Twitter: @matthewfsmith, @FortifyRights